# လက်နက်များအက်ဥပဒေ

**[INDIA ACT XI, 1878.]**

**(1st October, 1878.)**

Myanmar Law Information System (MLIS)

## နိဒါန်း

**ချွင်းချက်**

**ပုဒ်မ ၁** အောက်ပါတို့နှင့် ကျွမ်းဝင်သက်ဆိုင်မှုမရှိစေရ-

(က) ပင်လယ်ရေကြောင်းသွား ရေယာဉ်ပေါ်တွင်ရှိသည့် လက်နက်များ၊ ခဲယမ်းမီးကျောက်များ(သို့) စစ်သုံးသိုလှောင်ပစ္စည်းများအားလုံး

(ခ) အစိုးရအမိန့်အရ လက်နက်၊ ခဲယမ်းမီးကျောက်များ သို့မဟုတ် စစ်သုံးသိုလှောင်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ အသွင်ပြောင်းခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လက်ခံထားရှိခြင်း၊ ပြည်သူ့ဝန်ထမ်းများ သို့မဟုတ် မြန်မာနိုင်ငံနယ်မြေထိန်းသိမ်းရေးတပ်ဆိုင်ရာအက်ဥပဒေ သို့မဟုတ် မြန်မာနိုင်ငံအရံတပ်ဖွဲ့ အက်ဥပဒေအရ ဖွဲ့စည်းထားသည့် တပ်ဖွဲ့ဝင်များ၊ သို့မဟုတ် ထိုအဖွဲ့ဝင်များ စသည်တို့က တာဝန်ဝတ္တရားထမ်းဆောင်စဉ် ကိုင်ဆောင်ခြင်းများ။

**ပုဒ်မ ၂-၃** x x x x

**ပုဒ်မ ၄ အဓိပ္ပာယ်ဖော်ပြချက်**

အမြောက် “Cannon” ဆိုသည်မှာ အမြောက်ငယ် Howitzer၊ မော်တာများ Mortars၊ နံရံတင်အမြောက် Wall-pieces၊ မစ်ထရေလူ Mitrailleuses၊ အခြား အမြောက် Other Ordnancer၊ စက်အမြောက် Machine guns နှင့် ၎င်းတို့၏ အစိတ်အပိုင်းများအားလုံးအပြင်၊ ၎င်းအမြောက်နှင့် ပစ္စည်းတင်သောခုံ၊ သယ်ယူသောယာဉ်၊ ပစ်ဖောက်သော ကိရိယာတန်ဆာများအားလုံးပါဝင်သည်။

လက်နက် **Arms** ဆိုသည်မှာ

(၁) ဓါးဦးချွန်ကို ဓါးသွား ၃ လက်မထက်ပိုသော မောင်းချဓါးများ **Clasp-knives**

(၂) အိမ်တွင်း၊ လယ်ယာ(သို့) စက်မှုလက်မှုလုပ်ငန်းများတွင်သုံးရန် မရည်ရွယ်သောဓါးဦးချွန်ကို ဓါးဦး အရှည် ၅ လက်မထက်ပိုသော ဓါးများ၊ **Knives**

(၃) နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သော အခြားဓါးအမျိုးအစားအပြင်

(၄) သေနတ် Fire-arms၊ လှံစွပ် Bayonets၊ ဓါးလွယ် Sword၊ ဓါးမြှောင် Daggers၊ လှံ Spears၊ လှံသွား Spear-heads၊ အမြောက် Cannon၊ လက်နက်အစိတ်အပိုင်းများနှင့် လက်နက်လုပ်သော စက်များ။

ခဲယမ်းမီးကျောက် **Ammunition** ဆိုသည်မှာ

သဘော်ဖျက်ရေမြှုပ်ဗုံးများ၊ မီးကျည်များ၊ ဂွမ်းယမ်း၊ ဒိုင်းနမိုက်ယမ်း၊ သေနတ်ကျောက်မီး၊ သေနတ် ကာဖက်၊ ခဲယမ်းမီးကျောက်အစိတ်အပိုင်း၊ အခြားပေါက်ကွဲစေတတ်သော ဓါတ်သတ္တုပစ္စည်းများနှင့် ၎င်း ခဲယမ်းမီးကျောက်ပြုလုပ်သော စက်အားလုံးပါဝင်သည်။ သို့ရာတွင် ခဲ၊ ကန့်၊ ယမ်းစိမ်းမပါ။

စစ်ပစ္စည်း **Military Stores** ဆိုသည်မှာ နိုင်ငံတော်သမ္မတက ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ အထူးသက်ဆိုင်စေသော စစ်ပစ္စည်းတစ်ခုခုကို ဆိုလိုသည့်အပြင် ၎င်းတွင် အခါ အားလျော်စွာ ထိုပုဒ်မကို သက်ဆိုင်စေသည့် ခဲ၊ ကန့်၊ ယမ်းစိမ်းနှင့် အခြားပစ္စည်းများ အားလုံး ပါဝင်သည်။

လိုင်စင် **Licence** ဆိုသည်မှာ ဤအက်ဥပဒေအရ ပေးသည့် လိုင်စင်ကို ဆိုလိုသည်။

**ပုဒ်မ ၅ လိုင်စင်မရှိဘဲ အသွင်ပြောင်းခြင်း၊ ရောင်းချခြင်းကို တားမြစ်ခြင်း**

လိုင်စင်ရရှိ၍လည်းကောင်း၊ လိုင်စင်ပါစည်းကမ်းချက်နှင့်မညီဘဲလျက် မည်သူမျှလက်နက်ခဲယမ်း မီးကျောက် စစ်ပစ္စည်းတစ်ခုခုကို ပြုလုပ်ခြင်း၊ အသွင်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ထားသိုခြင်း၊ ရောင်းလို ကြောင်းပြောခြင်း၊ ရောင်းရန်ဆိုင်ခင်းခြင်းမပြုရ။ (ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ပုဒ်မ ၁၉(က) နှင့် တရားစွဲဆိုရမည်။)

လိုင်စင်ဖြင့် လက်နက်ခဲယမ်းမီးကျောက်ကိုင်သူသည် လိုင်စင်ရှိသူသို့သာ ရောင်းနိုင်ပြီး ဤသို့ရောင်းပါ က ဝယ်သူ၏အမည်နှင့် နေရပ်တို့ကို ခရိုင်တရားသူကြီး (သို့မဟုတ်) အနီးဆုံးရဲစခန်းမှူးထံတိုင်ကြားရ မည်။ (ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ပုဒ်မ ၁၉(ခ) နှင့် တရားစွဲဆိုရမည်။)

**လက်နက်များ**

တင်သွင်းမှု၊ ပြည်ပတင်ပို့မှုနှင့် သယ်ယူပို့ဆောင်မှု

**ပုဒ်မ ၆** မည်သူကမျှ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ (သို့) ပြင်ပသို့ ပင်လယ်ရေကြောင်း (သို့) ကုန်းကြောင်းမှ မည်သည့်လက်နက် (သို့) ခဲယမ်းမီးကျောက် (သို့) စစ်သုံးသိုလှောင်ကုန်များကို လိုင်စင် မရှိဘဲ ထို့အပြင် ထိုလိုင်စင်က ခွင့်ပြုထားသည့် နည်းလမ်းအတိုင်းမဟုတ်ပါက ယူဆောင်လာခြင်းမပြုရ။ (လိုင်စင်မဲ့တင်ပို့ခြင်းနှင့် တင်သွင်းမှုကို တားမြစ်ခြင်း)

အထက်အပိုဒ်ပုဒ်မပါ ပြဋ္ဌာန်းချက်သည် (အမြောက်မှတစ်ပါး) လက်နက်များ (သို့) ခဲယမ်းမီးကျောက် အရေအတွက်အတော်အတန်ကို ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူတစ်ဦးအား ၎င်းအတွက် ကိုယ်ပိုင်အသုံးပြု ရန်တင်ပို့ခြင်း (သို့) ပြည်ပတင်သွင်းမှုကို မထိခိုက်စေရ။ သို့သော် အကောက်အခွန်ကောက်သူ (သို့)

**ပုဒ်မ ၇** ပင်လယ်ရေကြောင်းအကောက်အခွန်အက်ဥပဒေတွင် ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမရှိသော်လည်း မည်သည့်လက်နက် (သို့) ခဲယမ်းမီးကျောက် (သို့) စစ်သုံးသိုလှောင်ပစ္စည်းများကို ကိုင်ဆောင်သူသည် ဤအက်ဥပဒေ၏ လိုင်စင်ပုဒ်မ ၁၆ အရ ပြည်ထောင်စုမြန်မာနိုင်ငံသမ္မတ၏ အမိန့်မရှိဘဲ မည်သည့်ကုန် လှောင်ရုံတွင်မဆို သိုလှောင်ခြင်းမပြုရပါ။

**ပုဒ်မ ၈-၉ x x x x x**

**ပုဒ်မ ၁၀** ပြည်ထောင်စုမြန်မာနိုင်ငံ၏သမ္မတသည် အချိန်နှင့်လျော်ညီစွာ အထက်မှန်းဆော်သည့် နေ့စဉ်စာများထုတ်ပြန်နိုင်သည်။

Myanmar Law Information System (MLIS)

(က) မည်သည့်ပုံသဏ္ဌာန်ရှိသည့်လက်နက်များ၊ ခဲယမ်းမီးကျောက် (သို့) စစ်သုံးသိုလှောင်ပစ္စည်းများ မြန်မာနိုင်ငံတဝှမ်းတွင် သယ်ယူပို့ဆောင်မှုကို ၎င်းကန့်သတ်စည်းမျဉ်းချမှတ်ခြင်း (သို့) တားမြစ်ခြင်း (သို့) မည်သည့်လက်နက်အစိတ်အပိုင်းဖြစ်စေ (သို့) တပ်ဆင်လျှင်ဖြစ်စေ လိုင်စင်၏ခွင့်ပြုချက်မှတစ်ပါး ထိုလိုင်စင်၏ ခွင့်ပြုထားသည့်နည်းလမ်းအရသာ သယ်ဆောင်ခွင့်ရှိပါသည်။ (သယ်ယူပို့ဆောင်မှုကို တားမြစ်နိုင်သည့်အာဏာ)

(ခ) x x x x

**ရှင်းလင်းချက်။** လက်နက်၊ ခဲယမ်းမီးကျောက် (သို့) စစ်သုံးသိုလှောင်ပစ္စည်းများကို ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဆိပ်ကမ်းများတွင် သင်္ဘောဖြင့် ရွှေ့ပြောင်းသယ်ယူမှု၏ အဓိပ္ပာယ်ကို ဤပုဒ်မတွင် (လက် နက်များကို သင်္ဘောဖြင့်လွှတ်ခြင်း)

**ပုဒ်မ ၁၁** ပြည်ထောင်စုမြန်မာနိုင်ငံ၏သမ္မတသည် မြန်မာနိုင်ငံ၏ နယ်ခြားတလျှောက်ဖြစ်စေ၊ ထို့အပြင် အခြားနယ်နိမိတ်ဖြစ်စေ၊ ထို့အပြင် အဆိုပါ နယ်ခြားတလျှောက်တွင် လုပ်ကိုင်ခွင့်ရှိသည်ဟုယူဆလျှင် မည်သည့်နေရာ၌မဆို ရှာဖွေရေးစခန်းများဖွင့်လှစ်ပြီး ရေယာဉ်၊ လှည်းနှင့် ဝန်တင်ထားသည့် တိရစ္ဆာန် များ၊ ကုန်သေတ္တာအားလုံး၊ အထုပ်အပိုးနှင့် ရွှေ့ပြောင်းသူများကို ရပ်တန့်၍လက်နက်များ၊ ခဲယမ်းမီး ကျောက်နှင့်စစ်သုံးသိုလှောင်ပစ္စည်းများကို သမ္မတကဖြစ်စေ၊ ၎င်းကိုယ်စားအမည်နှင့်တကွ အာဏာ အပ်နှင်းခံရသူဖြစ်စေ (သို့) အဆိုပါရုံး၏ အာဏာအရဖြစ်စေ ရပ်တန့်ရှာဖွေခွင့်ရှိသည်။ (ရှာဖွေရေးစခန်း တည်ထောင်ခွင့်အာဏာ)

**ပုဒ်မ ၁၂ သင်္ကာမကင်းဖွယ်ရာ လက်နက်ခဲယမ်းစစ်ပစ္စည်းတစ်ခုခုကို သယ်ဆောင်သူအားဖမ်းခြင်း**

လက်နက်ခဲယမ်းမီးကျောက် စစ်ပစ္စည်းတစ်ခုခုကို ဥပဒေနှင့်ဆန့်ကျင်သော အကြောင်းကိစ္စတစ်ခုခုတွင် သုံးရန်အကြံနှင့် သယ်ယူနေသည်ဟု သင်္ကာမကင်းဖြစ်က မည်သူကမဆို သယ်သူတွင်လိုင်စင်ရှိသည်ဖြစ် စေ၊ မရှိသည်ဖြစ်စေ ဝရမ်းမပါဘဲဖမ်းဆီးနိုင်၍ လက်နက်များကို သိမ်းယူနိုင်သည်။ ဖမ်းဆီးသူသည် ရာဇဝတ်တရားသူကြီးနှင့် ရဲတပ်ဖွဲ့ဝင်မဟုတ်ပါက ရဲတပ်ဖွဲ့သို့ အမြန်ဆုံးပို့အပ်ရမည်။ ဖမ်းဆီးသူသည် ရဲတပ်ဖွဲ့ဝင်ဖြစ်ပါက ရာဇဝတ်တရားသူကြီးထံ ပို့ရမည်။

ပုဒ်မ ၁၃ လိုင်စင်မရှိဘဲနှင့် လက်နက်စွဲကိုင်သွားလာခြင်းကိုတားမြစ်ခြင်း

လိုင်စင်ရရှိထားသော်လည်း ၎င်းလိုင်စင်ပါနည်းလမ်းနှင့်အညီမဟုတ်လျှင် မည်သူမျှ လက်နက်တစ်ခုခု ကို စွဲကိုင်သွားလာခြင်းမပြုရ။ လိုင်စင်မဲ့ဖြစ်စေ၊ လိုင်စင်ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ဖြစ်စေ၊ လက်နက်စွဲကိုင်သွားလာလျှင် ၎င်းစွဲကိုင်သူထံမှ လက်နက်ကို ရာဇဝတ်တရားသူကြီး၊ ရဲတပ်ဖွဲ့ (သို့မဟုတ်) နိုင်ငံတော်သမ္မတက ဤကိစ္စအတွက် အာဏာအပ်နှင်းထားသော အခြားသူတစ်ဦးဦးတို့က သိမ်းဆည်း အရေးယူနိုင်သည်။

လက်နက်ဆိုသည်တွင် ဓါးဦးချွန်၍ ဓါးရိုး၌ ခိုင်မြဲစွာတပ်ထားသော အလျားအရှည် ဓါးရိုးပါ ၅ လက်မ ထက်ပိုသည့် အိမ်သုံး၊ လယ်ယာသုံး (သို့မဟုတ်) စက်မှုလက်မှုလုပ်ငန်းသုံးအတွက်သာ ရည်ရွယ်သည့် ဓါးများလည်းပါဝင်သည်။ (ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ပုဒ်မ ၁၉(င)နှင့် တရားစွဲဆိုရမည်။)

Myanmar Law Information System (MLIS)

**ပုဒ်မ ၁၄ သေနတ်စသည်တို့ကို လိုင်စင်မဲ့မထားရခြင်း**

လိုင်စင်ရရှိပြီးဖြစ်၍ ၎င်းလိုင်စင်အရ ခွင့်ပြုချက်နှင့်အညီမဟုတ်လျှင် မည်သူမျှ အမြောက်၊ သေနတ်၊ ခဲယမ်းမီးကျောက်၊ စစ်ပစ္စည်းတစ်ခုခုကို မိမိလက်ဝယ်တွင်လည်းကောင်း၊ မိမိ၏ စီမံအုပ်ချုပ်မှုအောက် တွင်သော်လည်းကောင်း မထားရှိရ။ (ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ပုဒ်မ ၁၉(စ) နှင့် တရားစွဲဆို ရမည်။)

**ပုဒ်မ ၁၅ အချို့နေရာများ၌ လိုင်စင်မဲ့လက်နက်တစ်စုံတစ်ရာကို မထားရခြင်း**

နိုင်ငံတော်သမ္မတ၏ အမိန့်ဖြင့် ဤပုဒ်မကို အထူးသက်ဆိုင်စေသော နေရာတစ်ခုခုတွင် လိုင်စင်ရရှိ၍ ၎င်းလိုင်စင်အရ ခွင့်ပြုချက်နှင့် အညီမဟုတ်လျှင် မည်သူမျှ မည်သည့်လိုင်စင်မဲ့ လက်နက်တစ်စုံတစ်ရာ ကိုမျှ လက်ရှိမထားရဟု ထုတ်ပြန်နိုင်သည်။ (ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ပုဒ်မ ၁၉(စ) နှင့် တရားစွဲဆိုရမည်။)

**ပုဒ်မ ၁၆ လက်နက်ကို ရဲစခန်း (သို့မဟုတ်) လိုင်စင်ရလက်နက်ရောင်းသူထံ၌ အပ်နှံရခြင်း**

(၁) မည်သူမဆို လက်နက်ခဲယမ်းမီးကျောက်စစ်ပစ္စည်းတစ်ခုခုကို လိုင်စင်ကုန်ခြင်း (သို့မဟုတ်) လွတ်ငြိမ်းချမ်းသာခွင့်ကုန်ခြင်းကြောင့် (သို့မဟုတ်) ပုဒ်မ (၁၅) အရအမိန့်ကြော်ငြာအရဖြစ်ခြင်းတစ်ခုခု ကြောင့် လက်ရှိထားခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ပါက အမြန်ဆုံး အနီးဆုံးရဲစခန်း (သို့မဟုတ်) လိုင်စင်ရလက်နက်ရောင်းသူထံဖြစ်စေ အပ်နှံရမည်။ (ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ပုဒ်မ ၁၉(ဈ)နှင့် တရားစွဲဆိုရမည်။

(၂) ဤသို့အပ်ပြီးက ၎င်းအပ်သူအနေဖြင့်

(က) အပ်ထားသည့် ပစ္စည်းကို လက်ရှိထားရန် ဥပဒေနှင့် ကိုက်ညီသည့်အခါ ပြန်ယူရန်နှင့်

(ခ) ဥပဒေနှင့်အညီ ကိုင်ခွင့်ရှိသူအား ရောင်းချနိုင်ရန် အခွင့်အရေးရှိသည်။

(၃) အထက်ပါအတိုင်း အပ်နှံထားသည့်ကာလအတွင်း ပိုင်ရှင်အား ပြန်မပေးသည့်/ ရောင်းချခြင်းမပြုရ သည့် ပစ္စည်းအားလုံးကို အစိုးရဘဏ္ဍာအဖြစ် သိမ်းယူရမည်။

(၄) (က) နိုင်ငံတော်သမ္မတသည် နည်းဥပဒေဖြင့် (၁) လိုင်စင်ရလက်နက်ရောင်းသူထံ လက်နက်ခဲယမ်း များအပ်နိုင်ရန် စည်းကမ်းချက်များနှင့် (၂) ၎င်းအပ်သောပစ္စည်းများကို မည်မျှကြာမြင့်မှ ဘဏ္ဍာအဖြစ် သိမ်းယူရန် ကာလကို ပြဋ္ဌာန်းနိုင်သည်။

**လိုင်စင်များ**

**ပုဒ်မ ၁၇** ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတသည် အချိန်အခါအလိုက် နိုးဆော်ကြေငြာစာတမ်းဖြင့် မည်သည့် အရာရှိက ဖြည့်စွက်ရမည့်ပုံစံ၊ လိုက်နာရမည့်စည်းမျဉ်းများ လိုက်နာမှုကို ဆုံးဖြတ်သတ်မှတ်၍ မည်သည့်လိုင်စင်များကို ပေးရမည်ဟု သတ်မှတ်ဆုံးဖြတ်နိုင်သည့်အပြင် အခြားကိစ္စရပ်များအတွက် ဤသို့သော စည်းမျဉ်းများကို ချမှတ်နိုင်သည်-

(က) မည်သည့်လိုင်စင်သည် မည်သည့်သက်တမ်းအထိ ဆက်လက်အသက်ဝင်ခြင်း။

(ခ) ထိုသို့ ဒေသလိုင်စင်များကို အခြားနည်းဖြင့် ပိုင်ဆိုင်ထားရုံမဟုတ်ဘဲ မည်သည့်အခွန်သတ်မှတ် ခြင်း (သို့) တံဆိပ်ခေါင်းတန်ဘိုးနှင့် ညီသည့်အခွန်သတ်မှတ်ခြင်း။



Myanmar Law Information System (MLIS)

(ဂ) လိုင်စင်သည် ပိုင်ဆိုင်မှုအတွက် သာမဟုတ်ဘဲ လိုင်စင်ကိုင်ဆောင်သူအား ပြည်ထောင်စုမြန်မာနိုင်ငံ တော်သမ္မတက ပြဋ္ဌာန်းထားသည့်ပုံစံတွင် မှတ်တမ်း (သို့) ဖြစ်စဉ်များကို ရေးသွင်းရန်ညွှန်ကြားခြင်း၊ ထိုလိုင်စင်အရဆောင်ရွက်မှုမှန်သမျှကို မှတ်တမ်းတင်ခြင်း (သို့) ဖြစ်စဉ်များရေးသွင်းခြင်းဖြင့် အစိုးရ အရာရှိတစ်ဦးက ပြသရန်တောင်းဆိုသည့်အခါ စိစစ်စေရန်ထားရှိခြင်း။

(ဃ) ပုဒ်မ ၅ နှင့် ပုဒ်မ ၆ အရ လိုင်စင်ကိုင်ဆောင်သူမည်သူ့ထံသို့လည်းကောင်း (သို့) စစ်သုံးပစ္စည်း (သို့) လက်နက်များခဲယမ်းမီးကျောက်များ ထုတ်လုပ်ရာနေရာသို့ ဝင်ထွက်စစ်ဆေးနိုင်ရန် အစိုးရအရာရှိ တစ်ဦးအား အခွင့်အာဏာအပ်နှင်းခြင်း။

(င) ထိုပုဂ္ဂိုလ်များကို ၎င်းတို့ပိုင်ဆိုင်သည့် လက်နက်များ၊ ခဲယမ်းမီးကျောက်များ (သို့) စစ်သုံးပစ္စည်း အားလုံး (သို့) ၎င်းတို့၏ထိန်းကြောင်းမှုအောက်ရှိ အထက်ပါပစ္စည်းအားလုံးကို ပြသစေရန် ညွှန်ကြားနိုင် သည်။ အစိုးရအရာရှိ တစ်ဦးအား အာဏာအပ်နှင်းထားခြင်းတို့အပြင်

(စ) မည်သည့်လိုင်စင်ကိုမဆို ကိုင်ဆောင်ထားသူ (သို့) မည်သည့်လိုင်စင်အရ ထိုကဲ့သို့ ဆောင်ရွက်နိုင် ရန် လုပ်ကိုင်ခွင့်ရှိသူ ထို့အပြင် ထုတ်လုပ်ရန် (သို့) လက်နက်များ၊ ခဲယမ်းမီးကျောက် (သို့) စစ်သုံးပစ္စည်း ၏စာရင်းကို သိရှိရန်အတွက် အစိုးရအရာရှိတစ်ဦးက ဆင့်ဆိုနိုင်ခွင့်ရှိရန် လိုအပ်ခြင်းတို့ဖြစ်ကြပါ သည်။

**ပုဒ်မ ၁၈ မည်သည့်လိုင်စင်ကိုမဆို ပယ်ဖျက်ခြင်း(သို့) ရပ်ဆိုင်းစေခြင်း**

(က) လိုင်စင်ထုတ်ပေးသည့်အရာရှိ(သို့) ထိုအရာရှိထက်အဆင့်မြင့်သည့် အာဏာပိုင် (သို့) ဒေသတစ်ခု အတွင်း စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးနယ်မြေလူထုလုံခြုံရေးကို ထိပါးမှု အခြေအနေများကို ပယ် ဖျက်ခြင်း(သို့) ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။

(ခ) မည်သည့်တရားသူကြီး၏ ရှေ့မှောက်၌မဆို လိုင်စင်ကိုင်ဆောင်သူသည် အထက်ဖော်ပြပါအက်ဥပ ဒေကို ဆန့်ကျင်ကျူးလွန်လျှင်(သို့) စည်းမျဉ်းများကို မလိုက်နာလျှင် ထို့အပြင်

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတသည် ဂေဇက်ကြေငြာစာတမ်းတွင် ထည့်သွင်း၍ မြန်မာနိုင်ငံ အစိတ်အပိုင်း(သို့) မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် လိုင်စင်ပယ်ဖျက်ခြင်း(သို့) ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။

**ပုဒ်မ ၁၈-က** ပြည်ထောင်စုနိုင်ငံတော်သမ္မတသည် အောက်ပါအတိုင်းအမိန့်ချနိုင်သည်-

(က) အယူခံတင်သွင်းခြင်းနှင့် ပြင်ဆင်မှုပြုလုပ်ခြင်း

(၁) လက်နက်လိုင်စင်အသစ် လဲလှယ်ရန်(သို့) လိုင်စင်ထုတ်ပေးသည့် အမိန့်ကို ငြင်းဆန်ခြင်း (ပယ်ချခြင်း)

(၂) ပုဒ်မ ၁၈ အပိုဒ်ခွဲ (က) အရ လိုင်စင်ပယ်ဖျက်ခြင်း၊ ရပ်ဆိုင်းခြင်းဆိုင်ရာ အမိန့်ချမှတ်ခြင်း

(ခ) အဆိုပါအယူခံမှုနှင့် ပြင်ဆင်မှုများအတွက် ကာလသတ်မှတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

**ပြစ်ဒဏ်များ**

**ပုဒ်မ ၁၉** ပုဒ်မ ၅၊ ၆၊ ၁၀၊ ၁၃ မှ ၁၇ အထိ ဖောက်ဖျက်မှုများ

မည်သူမဆို

Myanmar Law Information System (MLIS)

(က) ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ လက်နက်၊ ခဲယမ်းမီးကျောက်၊ စစ်ပစ္စည်းတစ်ခုခုကို ထုတ်လုပ်၊ အသွင်ပြောင်း၊ ရောင်းချ၊ ထားသို၊ ရောင်းရန်ကမ်းလှမ်း(သို့မဟုတ်) ရောင်းရန်ခင်းကျင်း လျှင်

(ခ) ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်အတိုင်း တိုင်ကြားရန် ပျက်ကွက်လျှင်

(ဂ) ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ လက်နက်ခဲယမ်းမီးကျောက် စစ်ပစ္စည်းတစ်ခုခုကို တင်ပို့ခြင်း(သို့မဟုတ်) တင်သွင်းခြင်းပြုလျှင်

(ဃ) ပုဒ်မ ၁၀ အရ ထုတ်ပြန်သော စည်းမျဉ်းတားမြစ်ချက်တစ်ခုခုကို ဆန့်ကျင်၍ လက်နက်ခဲယမ်းမီး ကျောက် စစ်ပစ္စည်းတစ်စုံတစ်ရာကို သယ်ပို့လျှင်

(င) ပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ လက်နက်စွဲကိုင်သွားလာလျှင်

(စ) ပုဒ်မ ၁၄(သို့) ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ လက်နက် (အမြောက်၊ သေနတ်)၊ ခဲယမ်းမီးကျောက်၊ စစ်ပစ္စည်းတစ်ခုခုကို လက်ဝယ်ထားလျှင် (သို့မဟုတ်) မိမိစီမံအုပ်ချုပ်မှုအောက်တွင် ထားရှိလျှင်

(ဆ) ပုဒ်မ ၁၇(ဂ) အရ နည်းဥပဒေအတိုင်း မိမိထားရှိရမည့်မှတ်တမ်း (သို့မဟုတ်) စာရင်းဇယားတွင် တမင်မမှန်မကန်ရေးသွင်းလျှင်

(ဇ) ပုဒ်မ ၁၇(င) အရ နည်းဥပဒေအတိုင်း ပစ္စည်းပြသရန်အတွက် အစိုးရက ခေါ်သောအခါ ပြရန်တမင် ပျက်ကွက်လျှင်

(ဈ) ပုဒ်မ ၁၄(သို့) ပုဒ်မ ၁၆ အရ လိုအပ်သည့်အတိုင်း လက်နက်၊ ခဲယမ်းမီးကျောက်၊ စစ်ပစ္စည်းများကို အပ်ရန်ပျက်ကွက်လျှင်

ထိုသူအား ၃ နှစ်အထိ ထောင်ဒဏ် (သို့မဟုတ်) ငွေဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးချမှတ်ရမည်။

**ပုဒ်မ ၂၀ လက်နက်စသည်တို့ကို လိုင်စင်မဲ့မသိအောင်ဝှက်မှု**

မည်သူမဆို

ရာဇသတ်ကြီးတွင် အဓိပ္ပာယ်ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်း (သို့မဟုတ်) မီးရထားဝန်ထမ်း (သို့မဟုတ်) ပြည်သူ့သယ်ယူပို့ဆောင်ရေးဝန်ထမ်းတစ်ဦးဦးတို့ မသိရှိစေရန် အကြံနှင့် ပြုလုပ်ကြောင်း ထင်ရှားစေသည့် နည်းလမ်းဖြင့် ပုဒ်မ ၁၉(က)(င)(ဃ) (သို့မဟုတ်) (စ) တွင်ဖော်ပြသော ပြုမှုမှုကိုပြု ခြင်းနှင့် ပုဒ်မ ၂၅ အရ ရှာဖွေစဉ် လက်နက်စသည်တို့ကို လျှို့ဝှက်လျှင် (သို့မဟုတ်) လျှို့ဝှက်ရန်အား ထုတ်လျှင် ၎င်းသူကို ၇ နှစ်ထိ ထောင်ဒဏ် (သို့မဟုတ်) ငွေဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၂၁ လိုင်စင်စည်းကမ်းဖောက်ဖျက်ခြင်း**

မည်သူမဆို လိုင်စင်စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်း (သို့မဟုတ်) လိုက်နာရန် ပျက်ကွက်ခဲ့ခြင်း ကြောင့် ပုဒ်မ ၁၉(သို့မဟုတ်) ၂၀ အရ ပြစ်ဒဏ်မချမှတ်နိုင်က ထိုသူအား ၆ လအထိထောင်ဒဏ် (သို့မဟုတ်) ကျပ် ၅၀၀ အထိ ငွေဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးချမှတ်ရမည်။

**ပုဒ်မ ၂၂ လက်နက်ခဲယမ်းစစ်ပစ္စည်းတို့ကို လိုင်စင်မဲ့ရောင်းဝယ်မှု**

မည်သူမဆို လက်နက်လိုင်စင်မရှိသူ (သို့မဟုတ်) လက်နက်ရောင်းပိုင်ခွင့်မရှိသူထံမှ လက်နက်ခဲယမ်း စစ်ပစ္စည်းတစ်ခုခုကို သိလျက်နှင့် ဝယ်လျှင် (သို့မဟုတ်)ဥပဒေနှင့်အညီ လက်ရှိထားပိုင်ခွင့် ရှိ/မရှိကို သေချာအောင်



Myanmar Law Information System (MLIS)

ကြိုတင်မစုံစမ်းဘဲလျက် ၎င်းသူထံ လက်နက်၊ စစ်ပစ္စည်းတစ်ခုခုကို အပ်နှင်းလျှင် ထိုသူ အား ၆ လထိ ထောင်ဒဏ် (သို့မဟုတ်) ၅၀၀ ထိ ငွေဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်လုံးချမှတ်ရမည်။

**ပုဒ်မ ၂၃ နည်းဥပဒေဖောက်ဖျက်ခြင်းအတွက် ပြစ်ဒဏ်**

မည်သူမဆို ဤအက်ဥပဒေအရ နည်းဥပဒေတစ်ခုခုကို ဖောက်ဖျက်၍ ဤဖောက်ဖျက်မှုအတွက် ပြစ်ဒဏ် ပြဋ္ဌာန်းချက်မရှိလျှင် ဤပုဒ်မအရ တစ်လအထိ ထောင်ဒဏ် (သို့မဟုတ်) ကျပ်နှစ်ရာအထိ ငွေဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်လုံးချမှတ်ရမည်။

**ပုဒ်မ ၂၄ ဘဏ္ဍာအဖြစ်သိမ်းယူခွင့်**

လက်နက်ခဲယမ်းစစ်ပစ္စည်းတစ်ခုခုနှင့် ပတ်သက်၍ ဤအက်ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ရာတွင် စီရင်သည့် တရားရုံးမှ အဆိုပါလက်နက်ခဲယမ်းစစ်ပစ္စည်းအားလုံး (သို့မဟုတ်) အချို့အဝက်အပြင် ၎င်း ပစ္စည်းများ သယ်ယူပို့ဆောင်ရာ၌ အသုံးပြုသောယာဉ်၊ တိရစ္ဆာန်နှင့် ထည့်သောသေတ္တာအထုတ်အပိုးမှ စ၍ ၎င်းတို့တွင်ပါသော အခြားပစ္စည်းများကိုပါ ဘဏ္ဍာအဖြစ်သိမ်းရမည်ဟု သင့်တော်သလိုအမိန့်ချမှတ် နိုင်သည်။

**ပုဒ်မ ၂၅ လိုင်စင်ရှိသည့် လက်နက်၊ ခဲယမ်း၊ စစ်ပစ္စည်းတို့ကို ရာဇဝတ်တရားသူကြီးက ရှာဖွေသိမ်း ယူခြင်း**

ရာဇဝတ်တရားသူကြီးတစ်ဦးဦးက ၎င်း၏စီရင်ပိုင်ခွင့်အာဏာရှိသည့် နယ်ပယ်အတွင်း နေထိုင်သူတစ် ဦးဦးသည် ဥပဒေနှင့်ဆန့်ကျင်သော ကိစ္စတစ်ခုခုအတွက် လက်နက်ခဲယမ်း၊ စစ်ပစ္စည်းတစ်ခုခုကို လက်ရှိ ထားသည်ဟု လည်းကောင်း၊ ထိုလက်နက်စသည်တို့ကို ထိုသူလက်ရှိထားလျှင် ပြည်သူလူထုငြိမ်သက်စွာ နေထိုင်ရေးကို ဘေးဖြစ်ရန်ရှိသည်ဟုလည်းကောင်း၊ ယုံကြည်ရန်အကြောင်းရှိလျှင် မည်သည့်အခါမဆို ထိုသူ ရာဇဝတ်တရားသူကြီးသည် ၎င်းယုံကြည်သည့်အကြောင်းကို ပထမရေးမှတ်၍ ထိုပစ္စည်းများတွေ့ ရန် ၎င်းယုံကြည်ရန်ရှိသည့်နေရာကို ရှာဖွေစေနိုင်သည်။ ၎င်းအပြင် ထိုပစ္စည်းများကို လိုင်စင်ဖြင့် ကိုင်တွယ်ထားရှိသည့်တိုင်အောင် ၎င်းလိုအပ်သည်ဟု ထင်မြင်သည့်အချိန်၌ လုံခြုံအောင်သိမ်းဆည်း ထားနိုင်သည်။ ဤကိစ္စအတွက် ရှာဖွေရာတွင် ရာဇဝတ်တရားသူကြီးဆိုက ၎င်း၏ရှေ့မှောက်တွင်ဖြစ်စေ၊ နိုင်ငံတော်သမ္မတက ဤကိစ္စအတွက်အာဏာအပ်နှင်းခြင်းခံရသူဆိုက ၎င်း၏ရှေ့မှောက်တွင်ဖြစ်စေပြု လုပ်ရမည်။

**ပုဒ်မ ၂၆** ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတက မည်သည့်အချိန်၌မဆို မည်သည့်ပုဂ္ဂိုလ်တစ်စုံတစ်ဦး က ပိုင်ဆိုင်သည့် မည်သည့်လက်နက်များ၊ ခဲယမ်းမီးကျောက်(သို့) စစ်သုံးပစ္စည်းများကို ထိုပိုင်ဆိုင်သည့် ပုဂ္ဂိုလ်၌ လိုင်စင်ရှိလင့်ကစား ရှာဖွေရန် ဆင့်ဆိုအမိန့်ထုတ်ခြင်း(သို့) ရှာဖွေစေခြင်းပြုနိုင်သည့်အပြင် ထို ပုဂ္ဂိုလ်ကို လိုအပ်သလိုဖမ်းဆီးချုပ်နှောင်နိုင်ပါသည်။

**ပုဒ်မ ၂၇** ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတက မည်သည့်အချိန်၌မဆို နိူးဆော်ကြေညာချက်ဖြင့် နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်နိုင်ပါသည်၊ ၎င်းတို့မှာ

(က) အမည်သတ်မှတ်၍ မည်သူကိုမဆို(သို့) ရုံး၏လုပ်ကိုင်ခွင့်ဖြင့် ဖြစ်စေ(သို့) မည်သည့်လူတန်းစားကို မဆို (သို့) အသွင်မျိုးစုံဖြင့်ရှိသည့် မည်သည့်လက်နက်(သို့) ခဲယမ်းကိုဖယ်ထုတ်ခြင်း(သို့) ပြည်ထောင်စု မြန်မာနိုင်ငံ၏



Myanmar Law Information System (MLIS)

မည်သည့်အစိတ်အပိုင်း၌ အသုံးပြုခြင်းကို တားမြစ်ခြင်းမှ ရုပ်သိမ်းခြင်း(သို့) ဤအက်ဥပဒေပါညွှန်ကြားချက်များ ဆောင်ရွက်နိုင်သည့်အပြင်

(ခ) ထိုကြေညာချက်များကို ပယ်ဖျက်ခြင်းအပြင် ပုဂ္ဂိုလ်တစ်စုံတစ်ဦး(သို့) ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိတ်အပိုင်းများတွင် လက်နက်များသုံးစွဲသည်ကို တားမြစ်ချက်များ(သို့) ညွှန်ကြားချက်များ ချမှတ် နိုင်ပါသည်။

**ပုဒ်မ ၂၈ ပြစ်မှုများတိုင်ကြားခြင်း**

ဤအက်ဥပဒေပြဋ္ဌာန်းချက်များအရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုကျူးလွန်ကြောင်းကိုသိသူသည် အနီးဆုံးရဲစခန်း (သို့မဟုတ်) ရာဇဝတ်တရားသူကြီးထံ သတင်းပို့ရမည်ဖြစ်ပြီး သတင်းမပေးပါက အဘယ့်ကြောင့် မပေးနိုင်ခြင်းအား လုံလောက်သောအကြောင်းပြရန် ၎င်းတွင်တာဝန်ရှိသည်။ မီးရထား ဝန်ထမ်း၊ ပြည်သူ့သယ်ပို့ဆိုင်ရာဝန်ထမ်းတို့သည်လည်း ဤအက်ဥပဒေဆန့်ကျင်သော ပြစ်မှုကျူးလွန်ပြီး ကျူးလွန်ဆဲလက်နက်၊ ခဲယမ်း၊ စစ်ပစ္စည်းပါသည်ဟု သင်္ကာမကင်းဖြစ်လျှင် ၎င်းသတင်းကို အနီးဆုံး ရဲတပ်ဖွဲ့သို့ သတင်းပေးရမည်ဖြစ်ပြီး မပေးနိုင်ခဲ့က အဘယ့်ကြောင့်မပေးနိုင်ကြောင်း ခိုင်လုံသော အကြောင်းပြရန် ၎င်း၌တာဝန်ရှိသည်။

**ပုဒ်မ ၂၉ ပုဒ်မ ၁၉(စ)အရ တရားစွဲရန်ခွင့်ပြုချက်**

ပုဒ်မ ၁၉(စ) အရ ပြစ်ဒဏ်ချမှတ်လိုက်သော ကျူးလွန်မှုနှင့်ပတ်သက်၍ ခရိုင်တရားသူကြီး၏ ကြိုတင် ခွင့်ပြုချက်မရှိဘဲ မည်သူမျှ တရားစွဲဆိုခွင့်မရှိ။

**ပုဒ်မ ၃၀ ပုဒ်မ ၁၉(စ) အရ ရှာဖွေခြင်း**

ပုဒ်မ ၁၉(စ) အရ ပြစ်မှုအတွက် စွဲဆိုသောအမှုအတွင်း ရာဇဝတ်ကျင့်ထုံးဥပဒေအရ ရှာဖွေရမည့်အခါ ဤအမှုအတွက် နိုင်ငံတော်သမ္မတက ခန့်ထားသည့် အရာရှိ၏ရှေ့တွင်ပြုလုပ်ရမည်။ အခြားနည်းဖြင့် မရှာဖွေရ။

**ပုဒ်မ ၃၁ xxx xxx xxx xxx**

ပုဒ်မ ၃၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတသည် ဂေဇက်တွင်ထည့်သွင်းကြေညာ၍ မည်သည့်ဒေသ တွင်းရှိ မီးပွင့်သေနတ်စာရင်းကို ကောက်ယူခွင့်ရှိသည့်အပြင် မည်သည့် ပုဂ္ဂိုလ်ကိုမဆို ထိုသို့စာရင်း ကောက်ယူရန် အာဏာအပ်နှင်းနိုင်သည်။

ထို့ကြောင့် ကြေညာစာတမ်းထုတ်ပြန်သည်နှင့် ထိုလက်နက်များကို ပိုင်ဆိုင်သူများက အခွင့်အာဏာရ ပုဂ္ဂိုလ်အား လက်နက်နှင့်ဆိုင်သည့် သတင်းများအပြင် လိုအပ်လျှင် လက်နက်များကို ထုတ်ဖော်ပြသရ ပါမည်။

မည်သူမဆို ငြင်းဆန်လျှင်(သို့) မည်သည့်လက်နက်ကိုမှ ထုတ်ပြခြင်းမရှိလျှင် ထောင်ဒဏ် ၁ လ ချမှတ်ခြင်း(သို့) ကျပ် ၁၀၀ ထက်မကျော်သည့် ငွေဒဏ်ချမှတ်ခြင်း(သို့) ဒဏ်နှစ်ရပ်လုံးချမှတ်နိုင်သည်။

ပုဒ်မ ၃၃ လက်နက်ဥပဒေကို လိုက်နာဆောင်ရွက်သူ မည်သူ့ကိုမဆို စာဖြင့်ရေးသားထားသည့် အသိပေး ကြေညာစာအားတစ်လကြိုတင် အကြောင်းမကြားဘဲ တရားစွဲဆိုခြင်းမပြုရ၊ ထို့အပြင် အခင်းဖြစ်ပွားပြီး ၃လကျော် တရားစွဲတင်မှုမပြုဘဲထားရှိပါက တရားစွဲရန်ကာလ ကုန်ဆုံးပါသည်။

----- Footnote -----



Myanmar Law Information System (MLIS)

(၁) ပြည်ထဲရေးဝန်ကြီးဌာနမှ ပေးပို့သဖြင့် website တွင် တင်ပြသည်။

Myanmar Law Information System (MLIS)